# နွေဦးအသံ

**the voice of spring**

9.5.2021 · Sunday · No . 34 · Daily News Pamphlet


ရန်ကုန်၊ ဒဂုံဆိပ်ကမ်း၊ အမှတ်(၂)ကျောင်းတွင် ဗုံး(၂)ကြိမ်ကွဲခဲ့

သတင်းတို — ရင်းမြစ် – **DVB** မှ

ရေဦးမြို့တွင် CDM ရာနှုန်းပြည့်ကျောင်းပေါင်း(၃၂)ကျောင်းခန့်ရှိ

သတင်းတို — ရင်းမြစ် – **DVB** မှ

တက္ကသိုလ်၊ ကောလိပ် အသီးသီးမှ ရာထူးရပ်ဆိုင်းခံရသည့် စာရင်းတွင် မိမိနာမည် မပါဝင်မည်ကို ဆရာ၊ ဆရာမများက စိုးရိမ်ကြီးစွာ စောင့်မျှော်နေကြပြီး ပါဝင်လာသူ ဆရာ၊ ဆရာမများက ပျော်ရွှင်စွာဂုဏ်ယူကြလျက်ရှိ

သတင်းတို — ရင်းမြစ် – နွေဦးအသံ မှ

နတ်မောက်မြို့ သမျှားရွာတွင် စစ်အုပ်စုက ပစ်ခတ်သဖြင့် (၂)ဦး ဒဏ်ရာရပြီး (၇)ဦးဖမ်းဆီးခံခဲ့ရ

သတင်းတို — ရင်းမြစ် – **DVB** မှ

ပြည်သူ့သဘောထားနှင့်ဆန့်ကျင်ကာ အကြမ်းဖက်စစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးရေးကို ပြုလုပ်မည် မဟုတ်ဘဲ ဆုံးရှုံးခဲ့ရသော သူရဲကောင်းများအတွက် တရားမျှတမှုရအောင် ဆောင်ရွက်သွားမည်ကို ကတိပြုကြောင်း ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ ဒုသမ္မတ ဒူဝါလရှီးလ ပြည်သူသို့ မိန့်ခွန်းပြောကြား

သတင်းတို — ရင်းမြစ် – **NUG** မှ

## သပိတ်စစ်ကြောင်းများ (လုံး၀) မရပ်တန့်၊ နိုင်ငံအနှံ့၌ အရှိန်မပြတ် ဆက်လက်ဆန္ဒဖော်ထုတ်လျက်ရှိ

ပြည်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ခဲ့ပြီး အမျိုးသမီး(၁)ဦး ဒဏ်ရာရရှိခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

ကန့်ဘလူ၊ ပိတောက်ကျေးရွာတွင် စစ်အုပ်စုက အိမ်(၁၅)လုံးခန့်ကို ဖျက်ဆီးပြီး ရွှေငွေများ လုယက်ခဲ့

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

ဖားကန့်၊ လုံးခင်း၊ ဆိပ်မူကျေးရွာရှိ အရောင်းဆိုင်များမှ ဆိုင်ကယ်များကို စစ်အုပ်စု လုယက်သိမ်းဆည်း

သတင်းတို — ရင်းမြစ် – **DVB** မှ



မေလ(၈)ရက်၊ ထားဝယ်မြို့တွင် ပြုလုပ်ခဲ့ကြသည့် လူအင်အားရာချီသော အာရဏ်ဦးသပိတ်ကို တွေ့ရစဉ် -(ဓါတ်ပုံ - **CJ** )

အကြမ်းဖက်စစ်အုပ်စုက ဓါတုလက်နက်အသုံးပြု တိုက်ခိုက်ခဲ့ခြင်း ရှိ၊ မရှိ KIA စစ်ဆေးနေဟုသိရ

သတင်းတို — ရင်းမြစ် – **RFA** မှ

ချင်းပြည်သူ့ကာကွယ်ရေးအဖွဲ့က ဟားခါး၊ ဆူယ်ခွားရှိ စစ်အုပ်စုစခန်းတခုကို တိုက်ခိုက်သိမ်းပိုက်ခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

CDM ဗိုလ်မှူးဟိန်းသော်ဦး ဦးစီးပြီး စစ်သင်တန်းတခုကို လွတ်မြောက်နယ်မြေတွင် သင်ကြားမှုစတင်

သတင်းတို — ရင်းမြစ် – **RFA** မှ

ကချင်ပြည်နယ်၊ ရွှေဂူမြို့ စရဖရုံးနှင့် သဘော်ဆိပ်တံတား၌ ဗုံး(၃)လုံး ဆက်တိုက်ပေါက်ကွဲခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားၡ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
9.5.2021 · Sunday · No . 34 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၈)ရက်၊ ၂၀၂၁



- မေလ(၇)ရက်၊ ညပိုင်း၌ ဖျာပုံမြို့၊ ချောင်းတွင်းလမ်းမကြီးပေါ်ရှိ ဟွန်ဂျူဆိုင်ကယ် အရောင်းပြခန်းမှ တစီးလျှင် ကာလတန်ဖိုး (၁၅)သိန်းခန့် တန်ကြေးရှိ ဆိုင်ကယ်(၆)စီးကို စစ်အုပ်စုက လုယက်သိမ်းယူသွားခဲ့။
- ရန်ကုန်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နံနက်(၄)နာရီခွဲခန့်က အ.ထ.က(၁) ကျောင်းရှေ့၊ Hummer GYM ရှေ့ရှိ အမှိုက်ပုံနှင့် တိရစ္ဆာန်ရုံမီးပွိုင့်ရှိ ယာဉ်ထိန်းရဲရုံးအနီးတို့၌ ဗုံး(၃)ကြိမ် ဆက်တိုက် ပေါက်ကွဲခဲ့ဟုသိရ။
- ရန်ကုန်၊ ဒဂုံဆိပ်ကမ်းမြို့နယ် အ.ထ.က (၂)တွင် နေ့လယ်ပိုင်းက ဗုံးပေါက်ကွဲခဲ့။
- ရန်ကုန်၊ လှိုင်သာယာတွင် နံနက်(၁၀)နာရီခွဲခန့်က တရုတ်နိုင်ငံသားပိုင် ချားမင်း အထည်ချုပ်စက်ရုံ မီးလောင်ကျွမ်းခဲ့ဟုသိရ။
- ရန်ကုန်၊ သာကေတမြို့နယ်၊ ကမာကြည်၊ ရွှေအုတ်ဂူ (၃) လမ်းရှိ လူငယ်(၆)ဦးကို စစ်အုပ်စုက ဝင်ရောက်ဖမ်းဆီးခဲ့ ဟုသိရ။
- မိတ္ထီလာမြို့၊ အမှတ်(၂)ရဲစခန်းဝင်း၌ နံနက် (၁၀)နာရီခွဲခန့်ကလက်လုပ်ဗုံးပေါက်ကွဲခဲ့ပြီး ရဲတပ်ဖွဲ့မိသားစုဝင် အမျိုးသမီးတဦး ဒဏ်ရာရရှိခဲ့ဟု သိရ။
- မန္တလေးမြို့၊ ၆၂ လမ်း (၂၂ – ၂၃ လမ်းကြား)ရှိ နိုင်ငံခြားဘာသာတက္ကသိုလ် ရှေ့တွင် နေ့လယ်(၁၁)နာရီခန့်က အမျိုးသားတဦးနှင့် အမျိုးသမီးတဦးတို့က ဆိုင်ကယ်




တစ်စီးဖြင့် ရောက်ရှိလာကာ လက်လုပ်ဗုံးပစ်ခဲ့မှုကြောင့် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး အမျိုးသမီးတဦး အဖမ်းခံခဲ့ရ။
- ပဲခူး၊ ပေါင်းတည်၊ မင်းကွက် (၁) ရပ်ကွက် (၁၇)လမ်းရှိ မြို့နယ်စကစအဖွဲ့ဝင်ဟု သတင်းထွက်နေသည့် ဦးစိုးကြည်ဝင်းအိမ်ကို လက်လုပ်သေနတ်နှင့် ပစ်ခတ်ခံခဲ့ရပြီး ၎င်းနှင့်မျက်နှာချင်းဆိုင်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်ကိုလည်း လက်လုပ်ဗုံးနှင့် ပစ်ခတ်ခံခဲ့ရသည့်အပြင် ပျဉ်ပုံအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင့်ဆွေ နေအိမ်လည်း တူမီးသေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရကာ လူထိခိုက်မှု မရှိသော်လည်း နေအိမ်နှင့် ပရိဘောဂအချို့ ပျက်စီးခဲ့ဟုသိရ။
- ကချင်ပြည်နယ်နှင့် စစ်ကိုင်းနယ်စပ်ရှိ အင်းတော်မြို့၊ စီပိန်းတံတားကို နံနက်(၂)နာရီခန့်က မိုင်းခွဲဖျက်ဆီးခံရသဖြင့် ခရီးသည်တင်နှင့် ကုန်တင်ကားအစီး (၂၀၀) ကျော် ပိတ်ဆို့ခဲ့။
- မြိုင်မြို့နယ်၊ မကျည်းကန်ဖုံ။ မော်လမြိုင်။ ကချင်-နမ္မတီး၊ မိုးကောင်း။ ရှမ်း-တောင်ကြီးတို့၌ ဆိုင်ကယ်သပိတ်၊ မကွေး-နတ်မောက်။ ရှမ်း-သီပေါမြို့တို့၌ လူမဲ့သပိတ်နှင့် ရန်ကုန်၊ ရွှေပြည်သာမြို့နယ်။ စစ်ကိုင်းမြို့။ ယင်းမာပင်၊ ထန်းတောကြီးကျေးရွာ တို့၌ ဆေးနီဖြင့် သွေးသပိတ်တို့ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်- အင်းစိန်၊ တောင်ဒဂုံ။ မုံရွာမြို့နယ်၊ ရောင်တော်ထုံးကျေးရွာ။ ဘုတလင်မြို့။ မကွေးမြို့။ ရေစကြိုမြို့နယ်၊ မအူတောင်ရွာ။ ရေဖြူ၊ ကံပေါက်ရှိ ဂန့်ဂေါတောင်ရွာ။ ပုသိမ်မြို့။ရှမ်းတောင်ပိုင်း၊ ပင်လောင်းမြို့ တို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ကို လူရာချီသော အင်အားဖြင့် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-တောင်ဥက္ကလာပ၊ နန္ဒဝန်ဈေးရှေ့။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ ကျန်းမာရေးမိသားစု၊ အင်ဂျီနီယာမိသားစု၊ တကသ၊ မန်းရတနာပုံ တကသ၊ အရှေ့မြို့သစ်၊ စိန်ပန်း၊ မဟာအောင်မြေ စစ်ကြောင်း။ ညောင်ဦး။ မိုးကုတ်။ မိတ္ထီလာ။ တောင်ငူ။ စစ်ကိုင်း။ ရေဦး။ ယင်းမာပင် နှင့် ဆားလင်းကြီး။ အရာတော်မြို့နယ်၊ သံပုရာကျင်းကျေးရွာ။ မုံရွာ။ ရေဦး။ မကွေး-မြိုင်၊ ရေစကြို။ မိုးကောင်း။ ပုဂံ။ မြင်းခြံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ မြိတ်။ လောင်းလုံမြို့နယ် ညင်းမော်၊ ပြင်ချောင်း၊ နခံတော၊ ကုန်းဇရပ်၊ ဂေါ့အင်း၊ ပန်းတင်အင်း၊ ကြက်ယက်တွင်း၊ စစ်ပြ၊ ပြင်ကျောင်းကျေးရွာများ။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ ကယား၊ ဒီးမော့ဆို့။ ရှမ်း-မူဆယ် စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် – မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၇)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၇၄ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၇၄၉ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၄၉၇ ဦး

ရင်းမြစ် – အေအေပီပီမှ




မေလ(၈)ရက်၊ မုံရွာမြို့၌ ပြုလုပ်ခဲ့သည့် စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် (ဓါတ်ပုံ – CJ )

စစ်
အာ
ဏာ
ရှင်
စနစ်
အလို
မရှိ

နွေဦးစကား ဒို့ပြောကြား

“CDM နည်းသွားတာ မဟုတ်ဘူး
CDM အစစ်တွေပဲ ကျန်တာပါ”

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

အရေးတော်ပုံ မုချ အောင်ရမည်